ချက်ချင်းထုတ်ပြန်ရန်

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၄)ရက်

ဆက်သွယ်ရန်

Suzanne Nossel: snossel@pen.org

Sara Edkins : sedkins@pen.org

+1646 779 4830

နယူးယောက်။ လာမည့်သောကြာနေ့ပတွင် အများပြည်သူများသိရှိနိုင်ရန် PEN American Center မှ ရန်ကုန်မြို့တွင် ထုတ်ပြန်မည့် ၄င်းတို့၏ အစီရင်ခံစာအသစ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။ အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ မဲအများစု အနိုင်ရရှိကာ လာမည့်နှစ်တွင် အစိုးရဖွဲ့တော့မည်ဖြစ်ရာ ၊ မြန်မာနိုင်ငံတွင် ရှင်သန်ကြီးထွားရန် အရှိန်ယူဆဲဖြစ်သော ဒီမိုကရေစီစနစ်ကို ကျားကန်ပေးရန် အတွက် လွတ်လပ်စွာ ထင်မြင်ယူဆ ပြောဆိုနိုင်ခွင့်များကို အကာအကွယ်ပေးနိုင်မည့် နည်းလမ်း များကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

ခေတ်သစ်ကမ္ဘာကြီးနှင့် ဆယ်စုနှစ်ပေါင်း ငါးနှစ်ကျော်ကင်းဝေးနေခဲ့ပြီး အာဏာရှင်စနစ် အုပ်ချုပ်မှုအောက် ရောက်နေသော အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအား အုပ်ချုပ်သူ အစိုးရမှ ၂၀၁၂ ခုနှစ်တွင် အဆီးအတားများ ဖယ်ရှားပေးခဲ့သည်။ ယင်းကာလအတွင်း ခလုတ်ကသင်း လမ်းပေါ်တွင် လျှောက်လှမ်းခဲ့ကြရသော သတင်းနှင့် မီဒီယာသမားများ ပြည်သူပြည်သားများ၏ ဘဝကို ‘မပြီးဆုံးသေးသော လွတ်လပ်ခွင့် -မြန်မာနိုင်ငံတွင် လွတ်လပ်စွာ ထင်မြင်ယူဆပြောဆိုနိုင်ရေးအတွက် အနာဂါတ်တွင် ဆက်လှမ်းရမည့် ပုံသဏ္ဍာန်လမ်းစဉ်’ အမည်ပါ အစီရင်ခံစာတွင် သုံးသပ်တင်ပြထားသည်ကို တွေ့ရသည်။ ၂၀၁၂-ခုနှစ်လွန် ကာလများတွင် မြန်မာနိုင်ငံအတွင်း လွတ်လပ်တက်ကြွသော သတင်းပြန်ကြားရေးလုပ်ငန်းများပေါ်ထွန်း လာ ပြီး အာရှဒေသတွင် အလျှင်အမြန် ကြီးထွားလာသော အင်တာနက်ဈေးကွက်ဝင် နိုင်ငံဖြစ်လာသည်။ မြန်မာနိုင်ငံတွင် နံမည်ဆိုး တွင်ခဲ့သော ကြိုတင်ဆင်ဆာခွင့်ပြုချက် ယူရသည့်စနစ်ကြီးကို ပါယ်ပျက်လိုက်ခြင်းဖြင့်၊ လွတ်လပ်စွာ ထင်မြင်ယူဆပြောဆိုခွင့် များအပေါ် တားဆီးဟန့်တားမှုများ အတိတ်တွင် ကျန်ရစ်ခဲ့ပြီဟု လူထုအများက ထင်မြင်ယူဆနေကြသော်လည်း မြန်မာနိုင်ငံသူ နိုင်ငံသားများတွေ့ရှိခံစားနေကြရသော၊ အခြေမခိုင်သေးသည့် လွတ်လပ်ခွင့်များကို အန္တရာယ်ပြုနိုင် သည့် အတားအဆီးသစ်များကို ၊ ဤ PEN အစီရင်ခံစာက ထောက်ပြ ထားသည်။

မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ထင်မြင်ယူဆပြောဆိုခွင့်များကို သွေးအေးစေနိုင်သည့် ၊ ချိန်နဲ့သော အကာအကွယ် များ၊ ကန့်သတ်သည့်ဥပဒေများနှင့် ၊ ထိုးဖျက်နိုင်သော ဗျူရိုကရက်တစ်ယန္တယားများကို ဤ PEN အစီရင်ခံစာက မီးမောင်းထိုးပြထားသည်။ ဤသို့သော ယန္တယားများထဲတွင် အပြည့်အစုံ ပံ့ပိုးပေးထားသော အစိုးရပိုင် သတင်းနှင့်မီဒီယာကဏ္ဍနှင့် ၊ ပြန်ကြားရေးဝန်ကြီးဌာနအား သတင်းဖြန့်ချီထုတ်ဝေမှုကို ကန့်သတ်နိုင်သည့် အခွင့်အာဏာ ကျယ်ပြန့်စွာ ပေးထားခြင်းများပါဝင်သည်။ သတင်းနှင့် စာနယ်ဇင်း အလုပ်သမားများအား တရားစွဲဆို ထောင်ချလျက်ရှိသည့်ကိစ္စ၊ ၂၀၁၅ ခု မတ်လအတွင်း ဖြစ်ပွားခဲ့သည့် ကျောင်းသားများ ဆန္ဒပြမှုကို သတင်း လိုက်ယူသည့် သတင်းထောက်များအား အနှောင့်အယှက်ပေးခြင်း၊ ကိုယ်ထိလက်ရောက် တိုက်ခိုက်ခြင်းများ ကိုလည်း PEN အစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည်။ တပ်မတော်သတင်းအမှန် ထုတ်ပြန်ရေးအဖွဲ့လည်း တပ်မတော်နှင့် အစိုးရ အပေါ်ဝေဖန်ရှုတ်ချသည်ဟုယူဆသည့်သတင်းဌာနများကို သွယ်ဝိုက်သော နည်းများဖြင့် ခြိမ်းခြောက်ခြင်းသည် ဆင်ဆာလုပ်ငန်းများ အကင်းမသေသေးကြောင်း ပြသရာရောက်သည်။ ပြစ်ဒဏ် ချမှတ်နိုင်သည့် ကျယ်ပြန့်သော အင်တာနက်ဥပဒေကို လက်ကိုင်ပြု၍ Facebook စာမျက်နှာပေါ်တွင် အစိုးရအား ပြစ်တင်ဝေဖန်မှုများကိုလည်း အရေးယူလျက်ရှိသည်။ သို့ရာတွင် မြန်မာနိုင်ငံအတွင်း ခွဲထုတ်နှိမ်ချ ခြင်း ခံနေရသော ရိုဟင်ဂျာမွတ်ဆလင်လူနည်းစုနှင့်၊ တိုင်းရင်းသားလူမျိုးစုများ အပေါ် အမုန်းပွားစေသည့် ပြောဟောချက်များကို ဆန့်ကျင်ရန်အတွက်လည်းကောင်း၊ ကွဲပြားခြားနားလှသည့် တိုင်းရင်းသားလူမျိုးစုများ၏ ခံစားချက်အသံစုံ ပေါ်ထွက်လာစေရန် တိုက်တွန်းအားပေးရန်အတွက်လည်းကောင်း၊ အစိုးရဘက်မှ ထူးဆန်းစွာ ရေငုံ နှုတ်ပိတ်နေသည်ကို တွေ့ရသည်။

PEN အဖွဲ့၏ အမှုဆောင်ဒါရိုက်တာ Suzanne Nossel မှ ‘မြန်မာနိုင်ငံပွင့်လင်းလာခြင်းဖြင့် ဆယ်စုနှစ်များစွာ ပိတ်ပင်ခြင်းခံထားရသည့် ၊ ပြည်သူအများ၏ လွတ်လပ်မှု ဆာလောင်ခြင်းကို အာသာပြေစေသည်’ ဟု ပြောကြားခဲ့သည်။ တဆက်တည်းမှာပင် ‘သတင်းနှင့် စာနယ်ဇင်းသမားများ၏ တာဝန်ဖြစ်သော အာဏာပိုင်များ တာဝန်ခံမှု / တာဝန်ယူမှုကို ထောက်ပြနိုင်ရေးအတွက် တည်ဆဲဖြစ်သော အနှောင့်အယှက်၊ အတားအဆီးများ ခြိမ်းခြောက်မှုများကို နောက်တက်လာမည့် အစိုးရမှ ဖယ်ရှားပေးပြီး၊ အဆုံးသတ်သွားစေရန် လုပ်ဆောင်ပေးရမည့် တာဝန်ရှိကြောင်း၊ အမှန်တကယ် လွတ်လပ်သည့် သတင်းနှင့်စာနယ်ဇင်း လောကရှိပြီး၊ ထင်မြင်ယူဆချက်များကို ပြောဆိုရေးသားခြင်းသည် အစိုးရအာဏာကို ခြိမ်းခြောက်ခြင်းမဟုတ်ပဲ မျှော်လင့်စောင့်စားနေသည့် ဒီမိုကရေစီကို ရယူနိုင်သည့် အကောင်းဆုံး နည်းလမ်းသာဖြစ်ကြောင်း’ ပြောဆိုခဲ့သည်။

၍'မပြီးဆုံးသေးသော လွတ်လပ်ခွင့်' အစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ ထင်မြင်ယူဆ ပြောဆိုခွင့်ကို တောင့်တင်းခိုင်မာအောင် ဆောင်ရွက်ပေးမည့်လမ်းပြမြေပုံဖြစ်သည်။ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခွင့်သည် ဒီမိုကရေစီကျင့်စဉ်၏ အနှစ်သာရတစ်ခုဖြစ်သည့်အားလျော်စွာ နောင်လာမည့် ခေါင်းဆောင်များအနေနှင့် ၎င်းသို့ဆန္ဒထုတ်ဖော်နိုင်မည့် နိုင်ငံရေးအခွင့်အလမ်းများပေးခြင်း၊ ဆန္ဒထုတ်ဖော်မှုများကို အကာအကွယ်ပေးခြင်းများ ပြုလုပ် ပေးရန်လည်း ဆော်ဩထားသည်။ ထို့ပြင်မှာက နိုင်ငံရေးခေါင်းဆောင်များ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့်၊ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းထံသို့လည်း ၊ သည်းငြီးခံမှုကို ရှေ့တန်းတင်ဟောပြောပို့ချရန်နှင့် ၊ အမုန်းပွားစေမည့် ပြောဟောမှုများကို ဆန္ဒထုတ်ဖော်ကန့်ကွက်ရန်၊ အထူးသဖြင့် မိမိတို့ မဲဆန္ဒနယ်များတွင် လက်ခံခြင်းမပြုရန် တိုက်တွန်းထား ပါသည်။

PEN American Center ကို ၁၉၂၂ -ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ကမ္ဘာနှင့် တဝှမ်းလွတ်လပ်စွာ ထင်မြင်ယူဆ ပြောဆိုခွင့်များအပေါ် ကန့်သတ်ချက်များကို ဖြိုဖျက်ရန် အဖွဲ့ဝင် စာရေးဆရာပေါင်း ၄၂၀၀ က ကျိုးပမ်း လျှက်ရှိသောအဖွဲ့အစည်းဖြစ်သည်။